# တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး

## ဆဋ္ဌမနေ့အစီအစဉ်

## ၁၄-၈-၂၀၂၆ (သောကြာနေ့)

၁။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေးမတက်ရောက်နိုင်သော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှု အခြေအနေအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များကဖြေကြားခြင်း-

(က) **ဒေါ်ထားယုခိုင်၊ ဝက်လက်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''ရွှေဘိုမြို့ ပြည်သူ့ဆေးရုံတွင် တွဲဖက်တာဝန်ထမ်းဆောင်နေသည့် လက်ထောက်ဆရာဝန် (၁)ဦးနှင့် သူနာပြု(၄)ဦးအား မိမိတာဝန်ကျသည့် ဝက်လက်မြို့၊ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံသို့ စေလွှတ်ပေးနိုင်ရေးနှင့် ရွှေဘိုပြည်သူ့ဆေးရုံမှ ဆေးနှင့် ဆေးပစ္စည်းများအား ဝက်လက်မြို့နယ် ပြည်သူ့ဆေးရုံသို့ ထုတ်ယူသယ်ဆောင် နိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်း သည့်မေးခွန်း။

(ခ) **ဦးမင်းဆွေ၊ ကလေးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''ကလေးမြို့ နတ်ကြီးကုန်း(ပျဉ်း)ကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်းရှိ အန္တရာယ်ရှိ ကျောင်းဆောင်ဖျက်သိမ်းခွင့်ရရှိရေး၊ ကျောင်းဆောင်သစ်ရရှိရေး ဆောင်ရွက် ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဂ) **ဦးသော်နိုင်ဦး၊ တန့်ဆည်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''စစ်ကိုင်းမြို့ အားကစားနှင့် ကာယပညာဦးစီးဌာနပိုင် အနောက်ဘက် ပြိုကျနေသော တံတိုင်း မြေနေရာ(၆)ပေခန့်အား လမ်းနယ်မြေအဖြစ် စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဃ) **ဦးတင်မင်းထွဋ်၊ ဖောင်းပြင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "ဖောင်းပြင်မြို့နယ်၊ ပင်သာကျေးရွာနှင့် ဇော့ကြိုင်ကျေးရွာအကြား၊ ဖောင်းပြင်-ဟုမ္မလင်း ကားလမ်းပေါ်ရှိ မိုင်တိုင်(၂၀၀)KM အနီး ချောင်းရေတိုက်စားမှုကြောင့် ပျက်စီးသွားခဲ့သည့် (၉၈×၁၈)ပေ သံကူကွန်ကရစ်တံတားအား အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(င) **ဦးနောက်တွန်း၊ နန်းယွန်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "နန်းယွန်းမြို့ရှိ ဟောင်းနွမ်းယိုယွင်း ပျက်စီးနေသော မြန်မာ့စာတိုက်လုပ်ငန်း၊ စာတိုက်ရုံး အဆောက်အဦအား အသစ်ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(စ) **ဦးထွန်းထွန်း၊ ကလေးဝမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "ကလေးဝမြို့၊ အမှတ်(၁)ရပ်ကွက်ရှိ မြစ်သာမြစ် ကမ်းပြိုမှုများကာကွယ်ရန်အတွက် ပေအရှည် (၃၅၀)ပေနှင့် သစ်ချောက်ကျေးရွာ၊ ရွာမရပ်ကွက် မြစ်သာမြစ်ကမ်းပြိုမှုမှကာကွယ်ရန်အတွက် ပေ(၄၀၀)အား မြေထိန်းနံရံ ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဆ) **ဦးထိန်ဝင်းအောင်၊ ကနီမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "ချင်းတွင်းမြို့တော်ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်း ပြန်လည်လည်ပတ်နိုင်ရေးအတွက် လိုအပ်လျက်ရှိသော အမှုဆောင်ကော်မတီအသစ် ပြန်လည်ဖွဲ့စည်းခြင်းလုပ်ငန်းနှင့် အသင်းဘဏ်အကောင့်အား ငွေသွင်း/ငွေထုတ်ခွင့်ပြုပေးနိုင်ရန်အတွက် သမဝါယမဦးစီးဌာနမှ ကူညီဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဇ) **ဒေါ်ဆန်းစစ်ရှီး၊ လေရှီးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "လေရှီးမြို့၊ ကူကီးရွာမ-ကူကီးစံပြကျေးရွာချင်းဆက်လမ်း(၁၂)မိုင်အား ကျေးလက်လမ်းဦးစီးဌာနမှ ဆောက်လုပ်ရေး လမ်းဦးစီးဌာနသို့ လွှဲပြောင်းဆောင်ရွက်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဈ) **ဦးဇေယျာစိုး၊ မြင်းမူမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "မြင်းမူမြို့၊ ဗန္ဓုလရပ်ကွက်အတွင်းရှိ သရဖီလမ်းအား ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

၆။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးမှ "၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြု ရန်ပုံငွေအသုံးစရိတ် စာရင်းများ"နှင့်စပ်လျဉ်း၍ အရအသုံးငွေစာရင်း၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီမှ ဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်၊ ဝန်ကြီးမှ ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း။

၇။ "၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြု ရန်ပုံငွေအသုံးစရိတ် စာရင်းများ"နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။

၈။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။